**ADMM ၏ မိတ်ဖက်သို့ အိတ်ဖွင့်ပေးစာ**

ကာကွယ်ရေး ဝန်ကြီးဌာန
၅-၁ Honmura-cho၊ Ichigaya Shinjuku-ku
တိုကျိုမြို့ ၁၆၂-၈၈၀၁
ဂျပန်နိုင်ငံ

သို့
H.E Nobuo Kishi၊ ကာကွယ်ရေးဝန်ကြီး၊ ဂျပန်နိုင်ငံ

၂၀၂၂ ခုနှစ် ဇူလိုင်လ ၁၄ ရက်

**အကြောင်းအရာ။** ။ **ADMM-Plus Experts ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ပါဝင်မှု။**

လေးစားအပ်ပါသော ဂုဏ်သရေရှိ လူကြီးမင်းခင်ဗျား/ရှင့်

အောက်တွင် လက်မှတ်ရေးထိုးထားသော မိမိတို့ မြန်မာနိုင်ငံနှင့် ကမ္ဘာတစ်ဝှမ်းမှ အဖွဲ့အစည်း ၄၄၈ ဖွဲ့တို့က ဂျပန်နိုင်ငံ အစိုးရ၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်သကဲ့သို့ ထိုနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ အာဆီယံနှင့် ထိတွေ့ဆောင်ရွက်ရန် တာဝန်ရှိသော ဝန်ကြီးတစ်ဦးလည်းဖြစ်သည့် လူကြီးမင်းအား ရုရှားနှင့် မြန်မာ နှစ်နိုင်ငံ စစ်တပ်များက ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သော ဇူလိုင်လ ၂၀ ရက်မှ ၂၁ ရက်နေ့အထိ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပမည့် ADMM-Plus Experts ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို သပိတ်မှောက်ရန် တောင်းဆိုသည်။ ထိုအစည်းအဝေးကို မတက်ရောက်ရန် ဆုံးဖြတ်သော သြစတေးလျ နှင့် နယူးဇီလန် နိုင်ငံတို့၏ ဆုံးဖြတ်ချက်များကို မိမိတို့မှ ကြိုဆိုသည်။ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများက ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ADMM-Plus Experts ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ပါဝင်တက်ရောက်ခြင်းသည် ဂျပန်အစိုးရအနေဖြင့် အခြားသော ADMM မိတ်ဖက်များနှင့် ကင်းကွာသွားနိုင်သည့် အန္တရာယ်ရှိသည်သာမက အကြမ်းဖက်ဝါဒဆိုင်ရာ ချဉ်းကပ်တုံ့ပြန်ရာတွင် မြန်မာစစ်အုပ်စုနှင့် ရုရှားစစ်တပ် နှစ်ခုစလုံးတို့ကို ပံ့ပိုးအားပေးသော နိုင်ငံအဖြစ် ပုံဖော်ခြင်း ခံရနိုင်သည့် အန္တရာယ်သို့လည်း ကျရောက်နိုင်ဖွယ် ရှိသည်။

မြန်မာစစ်တပ်သည် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများကို ပြစ်ဒဏ်ပေး အရေးယူခံရခြင်း လုံးဝမရှိဘဲ ပြစ်ဒဏ်ကင်းလွတ်စွာဖြင့် ကျူးလွန်နေသော်ငြား ဂျပန်အစိုးရသည် ၎င်း၏ ကာကွယ်ရေးအစီအစဉ်များမှတစ်ဆင့် မြန်မာစစ်အုပ်စု၏ တပ်သားများကို ဆက်လက်ပြီး

သင်တန်းများ ပေးနေခြင်းအပေါ် မိမိတို့မှ အထူးစိုးရိမ်ပူပန်ပါသည်။ ဂျပန်အစိုးရမှ သင်တန်းပေးထားသော မြန်မာစစ်အုပ်စု၏ တပ်သားများသည် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ကျူးလွန်သော တပ်ဖွဲ့များနှင့် ပူးပေါင်းလှုပ်ရှားနေသည့် အထောက်အထားများကိုလည်း တွေ့ရှိရသည်။ ဤအခြေအနေသည် ဂျပန်အစိုးရအား မြန်မာစစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ရာတွင် ကြံရာပါအဖြစ် ကျရောက်နိုင်သည့် ဘေးအန္တရာယ် ရှိနိုင်သဖြင့် ဂျပန်အစိုးရအတွက် အထူးစိုးရိမ်ရမည့်အရာ ဖြစ်သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီး၏ ADMM-Plus Experts ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ပါဝင်တက်ရောက်မှုသည် မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို ပို၍ ထောက်ခံအသိအမှတ်ပြုပေးခြင်းအဖြစ် ရှုမြင်ခံရနိုင်ဖွယ် ရှိသည်။

မြန်မာစစ်တပ်သည် "အကြမ်းဖက်မှု တိုက်ဖျက်ရေး" ခေါင်းစဉ်အောက်တွင် ကာလရှည်ကြာ နိုင်ငံတကာ ရာဇဝတ်မှုများကို ကျူးလွန်လာခဲ့ပြီး ဖြစ်သည်။ အထင်ရှားဆုံးဖြစ်ရပ်မှာ မြန်မာစစ်တပ်၏ ၂၀၁၇ ခုနှစ် ရိုဟင်ဂျာများ အပေါ် ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်ပြီး ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (IIFFMM) ၏ တွေ့ရှိချက်အရ ထိုကျူးလွန်မှုသည် အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA) အား "ဖယ်ရှားရှင်းလင်းရေး" ဆိုသည့် ရှည်ရှည်ချက်ဖြင့် လုပ်ဆောင်ခဲ့သော "နယ်မြေရှင်းလင်းရေး" စီမံချက်ပုံစံဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ယင်းဆောင်ရွက်မှုတွင် ရိုဟင်ဂျာများအား သတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ နှိပ်စက်ညှဉ်းပန်းမှု၊ မုဒိမ်းကျင့်မှုနှင့် အုပ်စုလိုက် မုဒိမ်းကျင့်မှုများ ကျူးလွန်ခဲ့ခြင်းတို့ ပါဝင်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဟူသော ခေါင်းစဉ်အောက်တွင် လူပေါင်း ၇၀၀,၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးစေခဲ့သည်။

မြန်မာစစ်တပ်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအား အလွဲသုံးစားပြုမှုသည် ၎င်း၏တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းအထိတွင်လည်း ဆက်ရှိနေဆဲ ဖြစ်သည်။ စစ်အုပ်စု၏ မဟာဗျူဟာတစ်ခုမှာ ဒီမိုကရက်တစ်အစုအဖွဲ့များကို တိုက်ခိုက်ရန်ဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) များအား "အကြမ်းဖက်သမားများ" အဖြစ် တံဆိပ်ကပ်ခြင်း ဖြင့် ၎င်းကျူးလွန်နေလျက်ရှိသော ရက်စက်ကြမ်းကြုတ်မှုများကို မှန်ကန်ကြောင်း သက်သေပြရန် လုပ်ဆောင်နေသည်။ ၂၀၂၁ ခုနှစ်တွင် မြန်မာစစ်တပ်က ၎င်း၏ ADMM Experts' လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌရာထူးကို အသုံးပြုပြီး တရားမဝင်သော ၎င်း၏စစ်အုပ်စုကို တရားဝင်မှု ရရှိစေရန်နှင့် NUG၊ CRPH နှင့် PDF များအပေါ် အကြမ်းဖက်သမားအဖြစ် တံဆိပ်ကပ်ခြင်းအတွက် ထောက်ခံမှုများ ရရှိရန် လုပ်ဆောင်ခဲ့သည်။ ထို့အပြင် ဤလုပ်ငန်းအဖွဲ့ရှိ ၎င်း၏ခေါင်းဆောင်မှုကို မြန်မာပြည်သူများအား ပစ်မှတ်ထားသော ပြည်တွင်းဝါဒဖြန့်ချိရေးတွင်လည်း ငါးစာအဖြစ် အသုံးပြု၍ စစ်အုပ်စုက ထိန်းချုပ်ထားသော မီဒီယာများတွင် ထိုအစည်းအဝေးများ၏ အသေးစိတ်အချက်အလက်များနှင့် ဓါတ်ပုံများကို ဝေဝေဆာဆာ ဖော်ပြခဲ့သည်။

တစ်ချိန်တည်းတွင် ၂၀၂၂ ခုနှစ် ဇွန်လ၌ စစ်ကောင်စီသည် အာဆီယံဥက္ကဋ္ဌ ဝန်ကြီးချုပ်ဟွန်ဆန်၏ ပန်ကြားချက်ကို ပယ်ချလျက် အများလေးစားသော ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ နှစ်ဦးအပါအဝင် လူလေးဦးကို အခြေအမြစ်မရှိသော အကြမ်းဖက်မှု စွပ်စွဲချက်များဖြင့် သေဒဏ်စီရင်ရန် အစီအစဉ်ကို

ကြေညာခဲ့သည်။ ထိုသို့သော လုပ်ဆောင်မှုသည် အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးအကြား တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုထားသည့် အာဆီယံ၏ ဘုံသဘောတူညီချက် ငါးရပ်ကို အလေးထားခြင်း မရှိသည့်အပြင် အကောင်အထည်ဖော်ရန် စိတ်ဆန္ဒ လုံးဝမရှိကြောင်းကိုလည်း ပြသနေသည်။ နှိပ်စက်ညှဉ်းပန်းခြင်း၊ အရမ်းကာရော ရမ်းသန်းပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ရွာများမီးရှို့ခြင်း၊ နှင့် လုယက်ခြင်းများ အပါအဝင် စစ်အုပ်စု၏ အရပ်သားများအပေါ် ဆက်လက်လုပ်ဆောင်နေလျက်ရှိသော စစ်ဆင်ရေးများသည် နိုင်ငံတလွှားကျယ်ပြန့်ပြီး ရာဇဝတ်မှုများကို စနစ်ကျစွာ ကျူးလွန်ရန် အကြမ်းဖက်မှု နည်းလမ်းသစ်များကို တိုးမြှင့်အသုံးပြုနေသည်။ ဤအချက်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့သော စစ်အုပ်စုတပ်သားများမှ လက်နက်မဲ့ အရပ်သားပြည်သူများအား ခေါင်းဖြတ်သတ်ဖြတ်ခြင်းနှင့် ရက်စက်ကြမ်းကြုတ်မှုများက မီးမောင်းထိုး ဖော်ပြနေသည်။ ယင်းလုပ်ရပ်များမှာ နိုင်ငံတကာနှင့် ပြည်တွင်း ဥပဒေများအောက်တွင် အကြမ်းဖက်မှု မြောက်သည်မှာ ထင်ရှားသည်။ ထိုအကြမ်းဖက်မှုများနှင့် ဆိုးရွားလှသော ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ရှိသော အဖွဲ့အစည်းတစ်ခုသည် တရားဝင်မှု ကင်းမဲ့ပြီး ADMM-Plus Experts ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့တွင် ဦးဆောင်ရန် နေရာမရသင့်သကဲ့သို့ ပါဝင်တက်ရောက်ရန်လည်း နေရာမရှိသင့်ပေ။

အလားတူပင် လုပ်ငန်းအဖွဲ့၏ နောက်ထပ် ပူးတွဲဥက္ကဋ္ဌဖြစ်သော ရုရှားသည်လည်း အာဆီယံ၏ အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းလုပ်ဆောင်မှုများကို ဦးဆောင်ရန် သို့မဟုတ် ပါဝင်ရန် အနေအထား မရှိသင့်ပေ။ ယူကရိန်းနိုင်ငံကို မကြေညာဘဲ ကျူးကျော်ဝင်ရောက်သည့် ရုရှား၏လုပ်ရပ်သည် ဒီမိုကရေစီ စံနှုန်းများကို တိုက်ခိုက်ခြင်းနှင့် နိုင်ငံတကာဥပဒေနှင့် စံချိန်စံညွှန်းများကို ချိုးဖောက်ခြင်းအဖြစ် ရှုတ်ချရမည် ဖြစ်သည်။ ၎င်း၏ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ မေလ ၃၁ ရက်နေ့အထိတွင် စစ်ရာဇဝတ်မှုများ မြောက်နိုင်သော ကျူးလွန်မှုပေါင်း ၁၅,၀၀၀ ကို ယူကရိန်းက မှတ်တမ်းတင်ထားနိုင်ပြီး ယူကရိန်းနိုင်ငံ၏ အခြေအနေကို အဖွဲ့ဝင်နိုင်ငံပေါင်း ၄၃ နိုင်ငံက နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) သို့ လွှဲပြောင်းပေးခဲ့ပြီးလည်း ဖြစ်သည်။ ရုရှားကျူးကျော်မှု၏ ပထမရက်ပေါင်း ၁၀၀ အတွင်းတွင် အနည်းဆုံး "သောင်းဂဏန်း" သော ယူကရိန်းအရပ်သားများ သတ်ဖြတ်ခံခဲ့ရသည်ဟု ယူကရိန်းအစိုးရမှ ခန့်မှန်းထားသည်။ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှစ၍ အနည်းဆုံး ယူကရိန်းလူဦးရေ၏ သုံးပုံတစ်ပုံမှာ အတင်းအဓမ္မအိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး ဖြစ်သည်။ Group of Seven (G7) ၏ ဆုံးဖြတ်ချက်နှင့်အညီ လူကြီးမင်းတို့အစိုးရက ချမှတ်ထားသည့် အဓိပ္ပါယ်ပြည့်ဝသော ဆုံးဖြတ်ချက်များ ဖြစ်သည့် - ရုရှားနိုင်ငံမှ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းပေါင်း 700 ကျော်ကို ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်း၊ ရုရှားစစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ပစ္စည်းတင်ပို့မှုများကို တားမြစ်ခြင်း၊ ရုရှားရေနံနှင့် ကျောက်မီးသွေးကို သပိတ်မှောက်ခြင်းနှင့် တားမြစ်ခြင်း၊ နှင့် ရုရှားသံတမန်များနှင့် အရာရှိများကို နှင်ထုတ်ခြင်း - တို့အတိုင်း မြန်မာနိုင်ငံအတွက် စစ်အုပ်စုနှင့် ချဉ်းကပ်မှုများတွင်လည်း ဤကဲ့သို့ ထင်ဟပ်နေရမည် ဖြစ်သည်။

ADMM-Plus Experts ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို တက်ရောက်ခြင်းသည် မြန်မာစစ်အုပ်စုနှင့် ရုရှားတို့ကို နိုင်ငံတကာရာဇဝတ်မှုများ ဆက်လက်ကျူးလွန်စေရန် ပိုမိုအတင့်ရဲစေမည် ဖြစ်သည်။ အာဆီယံ ကာကွယ်ရေးဝန်ကြီးများနှင့် ASEAN-Plus ကာကွယ်ရေးဝန်ကြီးများ

အနေဖြင့် မူအပေါ်ရပ်တည်သည့် ခြေလှမ်းလှမ်းရမည် ဖြစ်သည့်အပြင် လာမည့် ADMM-Plus Experts ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို တက်ရောက်ရန် ငြင်းဆိုရမည် ဖြစ်သည်။ ADMM-Plus Experts ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို မြန်မာစစ်အုပ်စုနှင့် ရုရှားတို့အား ပါဝင်ခွင့်ပြုခြင်းသည် အစည်းအဝေး၏ ရည်ရွယ်ချက်များနှင့် ဆန့်ကျင်နေပြီး လုပ်ငန်းအဖွဲ့နှင့် အာဆီယံ၏ ဂုဏ်သိက္ခာကို ဆိုးရွားစွာ ထိခိုက်စေမည် ဖြစ်သည်။ မြန်မာနှင့် ယူကရိန်းနိုင်ငံတို့၏ ပြည်သူများနှင့် သွေးစည်းညီညွတ်စွာ ရပ်တည်ကြောင်း ပြသရန်အတွက် လာမည့် ADMM-Plus Experts ၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို သပိတ်မှောက်ရန်နှင့် အခြားသော ADMM အစည်းအဝေးများတွင် မြန်မာစစ်အုပ်စုနှင့် ရုရှားတို့ကို ဖယ်ထုတ်ထားရန်အတွက် နောက်ထပ်သော အရေးယူမှုများ လုပ်ဆောင်ရန် မိမိတို့မှ တောင်းဆိုသည်။

**<u>ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်</u>**

ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ info@progressive-voice.org
Salai Za Uk Ling၊ ချင်းလူ့အခွင့်အရေးအဖွဲ့၊ zauk@chinhumanrights.org
Moon Nay Li၊ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ kwat.office@gmail.com

လေးစားစွာဖြင့်

အောက်ပါ လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်း ၄၁၅ ဖွဲ့တွင် မြန်မာ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အရပ်ဘက်လူထုအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမှ နွေဦးတော်လှန်ရေး သပိတ်ကော်မတီများနှင့် ကျောင်းသားသမဂ္ဂများ ပါဝင်သည်။ ထိုအဖွဲ့များအပြင် ဤစာကို အမည်မဖော်ပြလိုသည့် မြန်မာနိုင်ငံမှ နောက်ထပ်သော အဖွဲ့အစည်း ၃၃ ဖွဲ့တို့လည်း ပါဝင်လက်မှတ်ရေးထိုးထားသည်။ သို့ဖြင့် ယခုအိတ်ဖွင့်ပေးစာကို အဖွဲ့အစည်း စုစုပေါင်း ၄၄၈ ဖွဲ့တို့မှ ပါဝင်လက်မှတ်ရေးထိုးထားခြင်း ဖြစ်သည်။

1. 8888 Generation (New Zealand)
2. Action Committee for Democracy Development
3. Action Committee of Basic Education Students (ACBES)
4. Active Youth (Kalay)
5. Activists Group for Human Rights 'BARAM'
6. Ah Nah Podcast- conversation with Myanmar
7. All Arakan Students' and Youths' Congress
8. All Aung Myay Thar San Education Strike
9. All Burma Democratic Face in New Zealand
10. All Burma Federation of Student Unions (Monywa District)
11. All Sagaing Township Basic Education Students' Union
12. All Schools of Aungmyaythazan Township Strike
13. Alliance of Students' Union – Yangon (ASU-Yangon)
14. Alliance Organization Myanmar Bankers Union
15. ALTSEAN-Burma

16. Anti Dictatorship in Burma - DC Metropolitan Area (ADB-DCMA)
17. Anti-Junta Alliance Yangon-AJAY
18. Anti-Junta Forces Coordination Committee (AFCC)
19. Arakan CSO Network
20. Arakan Humanitarian Coordination Team- AHCT
21. Asia Democracy Network (ADN)
22. Asia Pacific Solidarity Coalition (APSOC)
23. Asian Dignity Initiative
24. Asian Forum for Human Rights and Development (FORUM-ASIA)
25. Assistance Association for Political Prisoners (AAPP)
26. Association of Human Rights Defenders and Promoters
27. Association of United Nationality in Japan (AUN)
28. Association Suisse-Birmanie (Swiss Burma Association)
29. Athan - Freedom of Expression Activist Organization
30. Auckland Kachin Community NZ
31. Auckland Zomi Community
32. Aung Myay Tharzan Basic Education Students' Union-ABFSU
33. Aung Pin Lal Main Strike
34. Ayeyarwaddy Youths' Union
35. Bago Basic Education Students' Union
36. Bank Trade Unions Federation of Myanmar - BTUFM
37. Basic Education General Strike Committee (BEGSC)
38. Basic Education Worker Unions - Steering Committee (BEWU-SC)
39. BEHS-1, Hpa-An Basic Education Students' Union
40. BEHS-1, Mandalay Basic Education Students' Union-ABFSU
41. BEHS-11, Aungmyethazan Basic Education Students' Union-ABFSU
42. BEHS-24, Mahaaungmyay Basic Education Students' Union-ABFSU
43. BEHS-4, Mandalay Basic Education Students' Union-ABFSU
44. BEHS-8, Aungmyethazan Basic Education Students' Union-ABFSU
45. Blood Money Campaign
46. Burma Action Ireland
47. Burma Campaign UK
48. Burma Refugee Saving Association (B.R.S.A)
49. Burman suomalaiset Finland
50. Burmese Canadian Network
51. Burmese Community Group (Manawatu, NZ)
52. Burmese Community in France
53. Burmese Rohingya Welfare Organisation New Zealand
54. Cambodian Americans and Friends for Democracy and Human Rights Advocate
55. CDM Medical Network (CDMMN)
56. CDM Support Team Mandalay
57. Chanayetharsan Basic Education Students' Union
58. Changjak21
59. Chanmyatharzi Township People's Strike
60. Chin Community of Auckland
61. Chin Community of Japan (CCJ)
62. Chin Human Rights Organization
63. Chin Youth Organization (Matupi)
64. Chin Youth Organization of Japan (CYO-JP)
65. Chindwin (West) Villages Women Strike
66. Citizen of Burma Award - New Zealand

67. CIVICUS: World Alliance for Citizen Participation
68. Civil Information Network (CIN)
69. Civil Society Organizations Coordination Committee (Monywa)
70. Coalition of Mandalay Engineers
71. Coalition Strike Committee – Dawei
72. Colorfulspring (ရောင်စုံနွေဦး)
73. Community Resource Center, Thailand
74. Co-operative University Mandalay Students' Strike
75. CRPH & NUG Supporters Ireland
76. CRPH Funding Ireland
77. CRPH Support Group, Norway
78. CRPH, NUG Support Team Germany-Deutschland
79. Daik-U Basic Education Students' Union
80. Daung Sitthe Strike
81. Dawei (Ashaetaw) Women Strike
82. Dawei Basic Education Students' Union
83. Dawei Youths in Japan (DYJ)
84. Dawei Youths Revolutionary Movement Strike Committee
85. Democracy for Ethnic Minorities Organization
86. Democracy for Myanmar - Working Group (NZ)
87. Democracy Movement Strike Committee-Dawei (DDMSC)
88. Democracy, Peace and Women’s Organization
89. Democratic Youth Council
90. Demoso Basic Education Students' Union
91. Depayin Township Revolution Steering Committee
92. Depayin Women Strike
93. Doh Atu - Ensemble pour le Myanmar
94. Dragon Dawn (Japan)
95. Education Family Strike
96. Educational Initiatives Prague
97. Equality Myanmar
98. Ethnic Youth General Strike Committee (Mandalay)
99. European Karen Network
100. Family Private School Basic Education Students' Union-ABFSU
101. Federal Myanmar Benevolence Group (NZ)
102. Federation of Worker’s Union of Burmese Citizens in Japan (FWUBC)
103. Former Political Prisoners and New Generation Group – Monywa
104. Foundation of Khmer Samaki, CA
105. Free Burma Campaign (South Africa)
106. Free Rohingya Coalition
107. Future Thanlwin
108. Gangaw Women Strike
109. General Strike Collaboration Committee (GSCC)
110. General Strike Committee of Basic and Higher Education (GSCBHE)
111. General Strike Coordination Body - GSCB
112. Generation Wave
113. GenY For Revolution Japan
114. German Solidarity with Myanmar Democracy e.V.
115. Global Movement for Myanmar Democracy (GM4MD)
116. Global Myanmar Spring Revolution - Japan
117. Global Myanmar Spring Revolution (South Korea)

118. Golden Heart Organization
119. Grass-root People
120. Hinthada Basic Education Students' Union-ABFSU
121. Hlaing Thar Yar Basic Education Students' Union
122. Hope For Youth -Kyushu Japan
123. Hopin Basic Education Students' Union
124. HTY Scout Channel
125. Human Rights Foundation of Monland
126. In Defense of Human Rights and Dignity Movement (iDEFEND), Philippines
127. Incorporated Organization Shilcheon Bulgyo
128. India for Myanmar
129. Industries Strike
130. Info Birmanie
131. Information & Scout News (Hlaing)
132. Initiatives for International Dialogue (IID)
133. Insein Scout Channel
134. Institute for Asian Democracy
135. Inter-Faith Strike Column
136. Interfaith Youth Coalition on Aids in Myanmar (IYCA - Myanmar )
137. International Association, Myanmar- Switzerland
138. International Child Rights Center
139. International Society of Myanmar Scholars and Professionals (Japan)
140. Japan Myanmar Future Creative Association (JMFCA)
141. Japan Myanmar Help Network
142. Justice For Myanmar
143. Justice Movement for Community - Innlay
144. Kachin Affairs Organization - Japan
145. Kachin State Women Network
146. Kachin Student Union
147. Kachin Women Union
148. Kachin Women's Association Thailand
149. Kalay Township Strike Force
150. Kalay Women Strike
151. Kalyarna Metta Association (Khin U)
152. Kamayut Scout Channel
153. Kanbung Youth (Matupi)
154. Kanpetlet Land Development Organization
155. Kansai Group Japan
156. Karen Human Rights Group
157. Karen National League Japan-KNL
158. Karen Swedish Community (KSC)
159. Karen Women's Organization
160. Karen Rivers Network
161. Karenni National Society (KNS) Japan
162. Karenni National Women's Organization
163. Karenni Society Finland
164. Karenni Society New Zealand
165. Katha Basic Education Students' Union
166. Kayan Internally Displacement Supervising Committee (KIDSC)
167. Keng Tung Youth
168. Khanthar Farmers Network

169. Khumzup Local Development Committee
170. Kings N Queens
171. Know Us More Myanmar (KUM)
172. Kobe Myanmar Community (KMC)
173. Korea Christian Solidarity for Democracy in Myanmar
174. Korean Civil Society in Support of Democracy in Myanmar (106 NGOs)
175. Korean House for International Solidarity
176. Kyaikhto Basic Education Students' Union - KBESU
177. Kyain Seikgyi Spring Revolution Leading Committee
178. Kyaukse Basic Education Students' Union
179. Kyaukse University Interim Administrative Council
180. Kyauktada Strike Committee (KSC)
181. Kyause University Students' Union
182. Kyimyindaing Scout Channel
183. La Communauté Birmane de France
184. Labor Union Federation
185. Labutta Basic Education Students' Union-ABFSU
186. Langkho Basic Education Students' Union
187. Lanmadaw, Latha & Pabedan Scout Channel
188. Lashio Basic Education Students' Union
189. Latpadaung Region Strike Committee
190. Launglon Basic Education Students' Union
191. League For Democracy in Burma (L.D.B Japan)
192. Let’s Help Each Other
193. Letpadan Basic Education Students' Union-ABFSU
194. LGBT Alliance Myanmar
195. LGBT Alliance Myanmar (Kalay Region)
196. LGBT Alliance Myanmar (Kyaukse Region)
197. LGBT Community Yangon
198. LGBT Union Mandalay (LGBTIQ Strike of Mandalay)
199. Magway People's Revolution Committee
200. Maharaungmyay Township People's Strike
201. Mandalar College Students Strike
202. Mandalar University Students' Strike
203. Mandalar University Students Union
204. Mandalay Alliance Coalition Strike
205. Mandalay Civil Society Organization
206. Mandalay Engineer Group (MEG)
207. Mandalay Medical Family (MFM)
208. Mandalay People Strike
209. Mandalay Poets’ Union
210. Mandalay Private Universities Students Union
211. Mandalay Regional Youth Association
212. Mandalay Strike Force (MSF)
213. Mandalay Technology University (MTU) Students Union
214. Mandalay Universities, Degree and College Teachers and Staffs Strike
215. Mandalay University Alumni Strike
216. Mandalay University of Foreign Languages Students Union
217. Mandalay Wholesale Centers Strike
218. Mandalay Women Strike
219. Mandalay Youth Strike

220. Mandalay-based People's Strike
221. Mandalay-Based University Students’ Unions
222. Matu Forum Committee
223. Matu Women Association
224. Mawkmai Basic Education Students' Union
225. Mawlamyine Basic Education Students' Union
226. Mayangone News
227. Me Boun Foundation
228. Medical Family Mandalay (MFM)
229. Meikhtila Basic Education Students' Union-ABFSU
230. Metta Campaign Mandalay
231. Midwifery Training School Students Union (Mandalay)
232. MilkTeaAlliance friends of Myanmar
233. Minbu Basic Education Students' Union-ABFSU
234. Mindanao Peacebuilding Institute Foundation, Inc.
235. Minority Affairs Institute - Mai (Myanmar)
236. Mogaung Basic Education Students' Union
237. Mohnyin Basic Education Students' Union
238. Mon Youth For Federal Democracy (MYFD)
239. Monywa Basic Education Students' Union - ABFSU
240. Monywa LGBT Strike
241. Monywa People's Strike Steering Committee
242. Monywa Women Strike
243. Monywa-Amyint Road Strike Leading Committee
244. Monywa-Amyint Road Women Strike
245. MRJ (Maraja)
246. Mudon Basic Education Students' Union
247. Multi-Religions Strike
248. Muslim Youth Network
249. Muslim Youths Association
250. Mya Taung Strike
251. Myanmar Accountability Project
252. Myanmar Active Students & Businesspeople Organization (MASBO)
253. Myanmar Democratic Force in Denmark
254. Myanmar Development Support Group (MDSG)
255. Myanmar Diaspora Group Finland
256. Myanmar Emergency Fund Canada (MEF Canada)
257. Myanmar Engineers - New Zealand
258. Myanmar Ethnic Rohingya Human Rights Organization Malaysia (MERHROM)
259. Myanmar Gonye (New Zealand)
260. Myanmar Institute of Information and Technology ( Mandalay) Students Union
261. Myanmar Institute of Information Technology Students' Strike
262. Myanmar Labor Alliance (MLA)
263. Myanmar Nationalities’ Support Organization – JP (MNSO)
264. Myanmar People Alliance (Shan State)
265. Myanmar Railway Division (3) CDM Staffs Strike
266. Myanmar Secret Information - MSI
267. Myanmar Spring Revolution Japan (MSRJ)
268. Myanmar Students' Union in New Zealand
269. Myanmar Tozan Club (MTC)
270. Myanmar Youth and Student Association, Japan (MYSA)

271. Myanmar’s Youth Association Hokkaido (MYAH)
272. Myingyan Civilian Movement Committee
273. National University of Arts and Culture (Mandalay) Students Union
274. Netherlands - Myanmar Solidarity Platform
275. Network of University Student Unions – Monywa
276. New Zealand Doctors for NUG
277. New Zealand Karen Association
278. New Zealand Zo Community Inc.
279. No (12) Basic Education Middle School Student Union
280. No (7) Basic Education High School Alumni Strike
281. No.12 Basic Education Branch High School (Maharaungmyay) Students' Union
282. No.12 Basic Education Middle School (High Branch) Basic Education Students' Union
283. NOK Information & Scout Echo
284. North Dagon & East Dagon News
285. Northern Spectrum Youth Association
286. Nursing Training School Students Union (Mandalay)
287. Nyaunglebin Basic Education Students' Union
288. OCTOPUS Youth Organization
289. Okinawa Myanmar Association (OMA)
290. Olive Organization
291. Open Development Foundation
292. Overseas Mon Association (New Zealand)
293. Padaung Basic Education Students' Union-ABFSU
294. Palaung National Society Japan, PNS-Japan
295. Palaw Supporting Group Japan
296. Pale Township People's Strike Steering Committee
297. Pa-O Women's Union (PWU)
298. PEC Private School Basic Education Students' Union
299. People’s Hope Spring Revolution (PHSR)
300. People’s Initiative for Development Alternatives
301. People's Action Against Dictator CHUN Doo-Hwan
302. People's Solidarity for Participatory Democracy (PSPD)
303. Phayagyi Peace Strike
304. Platform.c
305. Private pre school Teachers’ Association
306. Progressive 3.0
307. Progressive Voice
308. Punnyakari Mon National Society Japan, PMNS-Japan
309. Pyay Basic Education Students' Union-ABFSU
310. Pyay Underground News - PUGN
311. Pyigyidagon Strike
312. Pyin Nyar Nan Daw Private School Basic Education Students' Union
313. Pyin Oo Lwin Basic Education Students' Union
314. Pyinmana Basic Education Students' Union-ABFSU
315. Pyithu Gonye (New Zealand)
316. Representative Committee of University Teacher Associations (RC of UTAs)
317. Representing The Arrested People Strike
318. Revolution Tokyo Myanmar (RTM)
319. Rohingya Action Ireland
320. Rvwang Community Association New Zealand
321. Samgha Sammaga-Mandalay

322. Sangha Union Strike
323. Save and Care Organization for Women at Border Areas
324. SAVE MYANMAR - USA
325. Save Myanmar Fundraising Group (New Zealand)
326. Save the Salween Network
327. Sein Pan Strike
328. Shan Community (New Zealand)
329. Shan Community in Japan (SCJ)
330. Shan MATA
331. Shan Women Development Network
332. ShizuYouth For Myanmar
333. Shwechinthae Farmers Network
334. Sintgaing Basic Education Students' Union
335. Sisters 2 Sisters
336. Sitt Nyein Pann Foundation
337. Solidarity for Another World
338. Sone See Yar (Volunteer Group)
339. South Dagon Scouting Info (SDG)
340. Southern Youth Development
341. Spring Revolution Interfaith Network-SRIN
342. Spring Revolution Myanmar Muslim- SRMMN
343. Spring Revolution Restaurant
344. Stiftung Asienhaus
345. Students for Free Burma
346. Support Group for Democracy in Myanmar (The Netherlands)
347. Ta’ang Women’s Organization
348. Taekwondo Federation
349. Tai Youths Network Japan (TYNJ)
350. Tampawadi People Strike
351. Tamwe Nway Oo Channel
352. Tanintharyi MATA
353. Taunggyi Basic Education Students' Union
354. Taze Women Strike
355. Technological University (Yadanabon Cyber City) Students Union
356. Technological University Mandalay (TUM) Students Union
357. Tha Pyay Nyo Newsletter
358. Thaketa & Dawbon Scout Channel
359. Thakhin Kodaw Mhine Peace Network (Monywa)
360. Thaton Basic Education Students' Union
361. Thayat Chaung Women Strike
362. The 88 Generation Peace and Open Society (Monywa)
363. The Center for Freedom of Information
364. The May 18 Memorial Foundation
365. Thint Myat Lo Thu Myar Organization
366. Township Leading Group (Winwmaw)
367. Try Together At Japan (TTAJ)
368. Twitter Team for Revolution (TTFR) - Myanmar
369. U.S. Campaign for Burma
370. Uakthon Local Social Development Organization
371. Union of Myanmar Citizen Association – Japan
372. University of Computer (Mandalay) Students Union

373. University of Dental Medicine (Mandalay) Students Union
374. University of Medical Technology (Mandalay) Students Union
375. University of Medicine (Mandalay) Students Union
376. University of Nursing (Mandalay) Students Union
377. University of Pharmacy (Mandalay) Students Union
378. University of Traditional Medicine (Mandalay) Students Union
379. University Students’ Unions Alumni Force
380. US Advocacy Coalition for Myanmar (USACM)
381. VEC Private School Basic Education Students' Union
382. Voice For Justice
383. We Are One Saga MOSA
384. We for All
385. We Love Motherland-MM (Malaysia)
386. We Support (Japan)
387. Wetlet Basic Education Students' Union-ABFSU
388. Wetlet Revolution Leading Committee
389. Wetlet Township Women Strike
390. White Coat Society Yangon (WCSY)
391. Winemaw Civil Society Network
392. Winemaw Lisu Development Association
393. Women Alliance Burma (WAB)
394. Women’s League of Burma
395. Wundwin Basic Education Students' Union-ABFSU
396. Yadanabon University Students’ Union (YDNBUSU)
397. Yangon Medical network
398. Yangon Revolution Force - YRF (Soft Strike Community)
399. Yangon Women Strike
400. Yaw Funding Japan
401. Yedashe Basic Education Students' Union-ABFSU
402. YG Network
403. Yinmarpin and Salingyi All Villages Strike Committee
404. Yokohama Pamphlet Campaign - Myanmar
405. Youth Network (Tanintharyi Region)
406. Youth Poets’ Union
407. Youth Scout For Democracy (YSD)
408. Z Fighter News
409. Zabuthiri Basic Education Students' Union-ABFSU
410. Zeegwat News
411. ဂျပန်ပြည်မှတွဲလက်များ
412. မျိုးဆက်-Generations
413. လူငယ်များသမဂ္ဂ - ပုသိမ်
414. လူငယ်များသမဂ္ဂ - ဗဟို
415. 一般社団法人　ミャンマーグローバル支援財団 (MGSF)